ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး

ဟောင်ကောင်မြို့

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲများ ပေးပို့နိုင်ရေးအတွက် အသိပေးကြေငြာချက်

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ၈-၇-၂၀၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ဟောင်ကောင်၊ မကာအို နှင့် ထိုင်ဝမ်ဒေသများသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရေးအတွက် မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မှ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ဆန္ဒမဲတောင်းခံနိုင်ရန် **နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြည့်သွင်းရမည့် ပုံစံ (၁၅)** ကို မဲဆန္ဒရှင်များထံသို့ ဖြန့်ဝေပေးပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အဆိုပါပုံစံအား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်၏ Website လိပ်စာအမှတ် http://myanmar.e-consulate.org တွင် Download လုပ်၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ Website လိပ်စာအမှတ် http://www.mofa.gov.mm/?page_id=5263 တွင် Download လုပ်၍ လည်းကောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင် Room (2401), Sun Hung Kai Centre, 30 Harbour Road, Wanchai, Hong Kong ၌ လည်းကောင်း ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများ၏ အမြဲတမ်းနေရပ်လိပ်စာတွင် ရှိသည့် အခြေခံမဲစာရင်းများတွင် မိမိအမည် ပါဝင်ခြင်းရှိ-မရှိအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ Website လိပ်စာအမှတ် https://checkvoterlist.uecmyanmar.org/ ၌ကိုယ်တိုင်စစ်ဆေးရန်လိုအပ်ပါသည်။ အခြေခံမဲစာရင်းတွင် မိမိအမည်မပါရှိပါက သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်များထံသို့ ဆက်သွယ်၍ အမည်စာရင်းပါရှိရန် ကာယကံရှင်များမှ ဆောင်ရွက်ရန်လိုပါသည်။

၃။ မဲဆန္ဒရှင်များအနေဖြင့် ဖြည့်စွက်ရမည့် အချက်အလက်များအား မှန်ကန်ပြည့်စုံစွာဖြည့်စွက်၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ **၃၁-၇-၂၀၁၅ ရက်နေ့ထက် နောက်မကျစေဘဲ** မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်သို့ အရောက်ပေးပို့ပေးနိုင်ပါရန် ပန်ကြားအပ်ပါသည်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံး

ဟောင်ကောင်မြို့

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ဇူလိုင်လ ၁၃ ရက်

ပုံစံ (၁၅)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆(က) နှင့် ၅၇(က) ]

ဥက္ကဋ္ဌ

---------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------ သည် --------------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော် / ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော် / ကျွန်မ နှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည်-

(၁) တောင်းဆိုသူ၏ အမည် ------------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------------

(၃) မှတ်ပုံတင်အမှတ် ------------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ------------------------------------------------

(၅) အဘအမည် ------------------------------------------------------------

(၆) အမိအမည် ------------------------------------------------------------

(၇)*တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - အမှတ် (  )

------------------ လမ်း/ကျေးရွာ---------------ရပ်ကွက်/ ကျေးရွာအုပ်စု၊

--------------------မြို့နယ်၊------------------- တိုင်းဒေသကြီး/ပြည်နယ်၊

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------------

နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ------------------------------------------

ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊----------------------

(*တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။)

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။